# မွေးနေ့

## အရှင်ဉာဏိက




ဖေဖော်ဝါရီလ ၁၁ ရက်။ အဲဒီနေ့က ကိုယ့်မွေးနေ့။ သူသူငါငါ ပြောရိုးစဉ်လာအရ ပြောရလျင်ပေ့ါ။ ဒါပေမယ့် ကိုယ်က ကိုယ့်ရဲ့ ဒီမွေးနေ့ဆိုတာကို သိပ်ပြီးလေးလေးနက်နက် ထားတတ်သူတော့ မဟုတ်ပါဘူး။ ဒါကလည်း အကြောင်းရှိပါတယ်။ ငယ်စဉ်ကအကြောင်းနဲ့ ကြီးမှအကြောင်းတော့လည်း မတူတတ်ဘူးပေါ့။ ငယ်စဉ်ကတော့ ကိုယ်မွေးဖွားကြီးပြင်းခဲ့ရတဲ့ ပတ်ဝန်းကျင်ကြောင့်။ ဟုတ်တယ်လေ။ ငယ်စဉ်ဘဝတလျောက် ကိုယ့်ပတ်ဝန်းကျင်မှာ ဘယ်သူတစ်ဦးတစ်ယောက်မှ မွေးနေ့ပွဲကျင်းပတယ်ဆိုတာကို မတွေ့ခဲ့ဖူးဘူး။ ကိုယ့်ပတ်ဝန်းကျင်ကသူတွေထဲက ဘယ်သူမှလည်း သူတို့မွေးနေ့ဆိုတာကို စကားတရပ်အနေနဲ့ ပြောကြတာကိုလဲ မတွေ့ခဲ့မိဖူးဘူး။ ကုန်ကုန်ပြောရလျင် ကိုယ့်ရှေ့ကမွေးနှင့်ကြတဲ့သူ အများစုဟာ သူတို့မွေးနေ့ဘယ်နေ့ဆိုတာကိုတောင် အမှတ်မထားသူတွေ၊ မသိသူတွေက ခပ်များများပါ။ ကိုယ်က ဇနပုဒ်သားလေ။ ချက်မှာက ရွံ့တွေနဲ့။

မွေးနေ့ဆိုတာ အသာထား။ အဖိုးအဖွားအရွယ် လူကြီးပိုင်းတွေဆိုလျင် သူတို့သားသမီးများမွေးနေ့ကို ဟိုဂျပန်တွေဝင်လာတုန်းက သားကြီးကို မွေးတာလေ။ သမီးအလတ်မကတော့ ရောင်စုံသူပုန်တွေ သောင်းကျန်းတုန်းကမွေးတာပေ့ါ စသဖြင့် ရေရာတဲ့အရာတွေနဲ့ သေချာတဲ့အရာတွေကို မသေမချာ မှတ်တတ်ကြတာပါ။ ဒီထက်ဆိုးတဲ့ တချို့မှတ်သားမှုမျိုးကိုလည်း တွေ့ဘူးပါတယ်။ ဟိုကောင်တောက်ထိန်မွေးတဲ့နှစ်နဲ့ အိမ်ကနွားပြာမကြီး သားဦးကျတဲ့နှစ်နဲ့ တစ်နှစ်ထဲလေဆိုတာမျိုး။ နွားပြာမကြီး သားဦးကျတာ ဘယ်နှစ်လည်း မသိသလို တောက်ထိန်ဘယ်နှစ်မွေးဖွားခဲ့တယ်ဆိုတာကိုလည်း အစရှာမရနိုင်တော့တဲ့ မှတ်သားမှုမျိုးပေ့ါ။ ရွာလယ်က သူဌေးဦးရွှေသီးအိမ် ဓားပြဝင်စီးတဲ့ညမှာ အိမ်က အငယ်မ မိရွှေကို မွေးတာလေတဲ့။ ဒေါ်ရွှေရဲ့ မွေးနေ့မှန်ကိုသိရဖို့ ဓားပြသတ်လို့အသက်ပျောက်ခဲ့ရတဲ့ တမလွန်က ဦးရွှေသီးကိုပဲလိုက်ပြီး မေးရမလိုဖြစ်တဲ့ မှတ်သားမှုမျိုးလည်း မရှားပါဘူး။ ဒီလိုမှတ်သားတတ်တာတွေဟာ အစဉ်အလာ ယဉ်ကျေးမှုလား၊ မယဉ်ကျေးမှုလား။ ကိုယ်တော့ အတိအကျ မပြောနိုင်တာ အမှန်ပါ။ ဒါက အညာက ရွာမှာလေ။ ဘယ်မှာမွေးစာရင်းမှတ်ဖို့ စာအုပ်နဲ့ခဲတံ ရှိနိုင်ပ့ါမလဲ။

ဒီတော့ အဲဒီလိုပတ်ဝန်းကျင်မှာ မွေးဖွားကြီးပြင်းခဲ့ရတဲ့ ကိုယ်က ကိုယ့်မွေးနေ့ကို အလေးအနက်မရှိခဲ့တာ အဆန်းတော့လည်း မဟုတ်ဘူးပေ့ါ။ ဒါပေမယ့် ကိုယ်ကတော့ ကိုယ့်ရွာကို မကြာမကြာရောက်လာတတ်တဲ့ ရွာနီးချုပ်စပ်က ဗေဒင်ဆရာကြီးကောင်းမှုကြောင့် ထန်းဖူးဇာတာလေးထဲမှာ ကိုယ့်မွေးနေ့ကို မှတ်တမ်းတင်နိုင်ခွင့်ရခဲ့တယ်။ ဒါတောင်မွေးချိန်ကိုတော့ ညနေ စက်နာရီ ၃ နာရီခန့်ဆိုပြီး ခန့်မှန်းခြေ မှန်းဆမှတ်တမ်းတင်တာကို ခံရပါသေးတယ်။ ဖြစ်ရမှာပေ့ါ။ ကိုယ့်မိဘတွေအိမ်မှာ ကိုယ်အရွယ်ရောက်လို့ သိတတ်ချိန်အထိ စက်နာရီလေး တလုံးတလေမှ ရှိမနေတာကို ကိုယ်သိထားတာပဲ။ ဒီတော့ နေ့စဉ်သုံးနေကျ ညနေစောင်း ထမင်းအိုးတည်ချိန်ဆိုတဲ့စကားအစား ညနေစက်နာရီ ၃ နာရီခန့်လို့ မှတ်တမ်းတင်ခံရတာကိုကပဲ ကိုယ့်အတွက် အတော်ခေတ်မီစွာ မှတ်တမ်းပြုခံရမှုလို့ ဆိုနိုင်ပါတယ်။ ငါကွ၊ မော်ဒန်လူသားလို့ ဂုဏ်ယူစရာပေ့ါ။

ခုနောက်ပိုင်းကြီးပြင်းလာချိန်မှာတော့ ဘာသာရေးစာပေတွေနဲ့ အထိအတွေ့များတာရယ်၊ ကိုယ်ကိုယ်တိုင်လည်း သဘာဝတရားတွေရဲ့ ဖြစ်ပေါ်ပျောက်ကွယ်မှုသဘောတွေကို လက်တွေ့နားလည်လာလို့ မွေးနေ့ဆိုတာ အပေါ်မှာ အမိပ္ပါယ်ကောက်ယူပုံ ပြောင်းလဲလာတာရယ်ကြောင့် ကိုယ့်မွေးနေ့ ဖေဖော်ဝါရီလ (၁၁) ရက်ဆိုတာကို ဘဝတစ်ခု အတွက် သတ်မှတ်ချက်မှတ်တမ်းထက် ပိုလွန်တဲ့အရာလို့ မခံယူမိတော့ပါဘူး။ ဒါပေမယ့် ဇနပုဒ်သားကိုယ်က မွေးနေ့ ဆိုတာကို အမှတ်ထားတတ်တဲ့ မြို့ပြလူနေမှုကြားမှာ ရှင်သန်လှုပ်ရှားနေတာက ကြာခဲ့ပြီလေ။ ပြောရလျှင် အသက်ရဲ့ သုံးပုံနှစ်ပုံမျှမကပင်ရှိပြီ။ဒီတော့ ခေတ်မီလူသားတွေရဲ့ မြို့ပြယဉ်ကျေးမှုက ကိုယ့်အပေါ်ကို အရိပ်ထင်နေခဲ့တာ ကြာပြီ။ ကိုယ်စားခဲ့တဲ့ အစားတွေထဲမှာတောင် မွေးနေ့နဲ့ပတ်သက်တဲ့ အစာတွေဆိုတာက မနည်းလှတော့ဘူး။ ဒီဖေဖော်ဝါရီ လမှာ မွေးတဲ့သူတွေနဲ့တွေ့တိုင်း သူတို့ကို ကိုယ်လဲ ဖေဖော်ဝါရီလမှာမွေးတာ။ ကိုယ်နဲ့မင်းတို့နဲ့က မွေးလတူတယ်။ ဒီတော့ မင်းတို့က မွေးနဲ့ပွဲကျင်းပ။ ကိုယ်ကမင်းတို့မွေးနေ့ပွဲမှာ လာရောက်စားပေးမယ်လို့ နောက်နောက်ပြောင် ပြောင် ပြောနေကျ။ စိတ်ထဲကလည်း သူတို့အတွက် ဟက်ပီ ဘတ်ဒေး၊ မင်္ဂလာ မွေးနေ့အခါသမယမှာ အစဉ်သာ ပျော်ရွှင်ချမ်းမြေ့ပါစေလို့လည်း နက်ရှိုင်းဖြူစင်စွာ တောင်းဆု ဆိုပေးနေကျပါပဲ။ ဒါက ကောင်းခြင်းမင်္ဂလာပဲဟာကိုး။

တကယ်တော့ ကိုယ့်ဆုတောင်းထဲမှာ ရည်ညွှန်းတဲ့ ဟက်ပီ ဘတ်ဒေးကတော့ အများသတ်မှတ်တဲ့ ဘဝတစ်ခုရဲ့ မွေး နေ့ဆိုတာကို ဆိုလိုတာ မဟုတ်ပါဘူး။ တကယ့် သဘာဝတရားတွေရဲ့ မွေးဖွားမှုဖြစ်စဉ်သဘောကို ရည်ညွှန်းတာပါ။ ဆိုလိုတာက စက္ကန့်ပိုင်းနဲ့အမျှ ဖြစ်ပျက်ပြောင်းလဲနေတဲ့ မွေးနေ့ဆိုတာကို ရည်ညွှန်းတာပါ။ ဒီတော့ စက္ကန့်တိုင်း မိနစ် တိုင်း နာရီတိုင်း နေ့တိုင်း လတိုင်း နှစ်တိုင်း ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ဆုတောင်းပေးတာပါ။ အချိန်တိုင်းဟာ ရွှေလေ။

ခုလို ဖေဖော်ဝါရီလမှာ မွေးခဲ့သူတွေအတွက် ဆုတောင်းပေးပေမယ့် ကမ္ဘာလောကခေတ်ကြီးတခုလုံးရှိ သတ္တဝါတွေ အားလုံးကိုလည်း စက္ကန့်ပိုင်း မိနစ်ပိုင်း နာရီပိုင်းနဲ့အမျှ ပျော်ရွှင်ချမ်းမြေ့စေချင်တာပါ။ သို့ပေမယ့် တောင်းဆုဆိုတာက တောင်းဆုပဲလေ။ ကိုယ်ဖြစ်စေချင်သလိုတော့လည်း ဘယ်မှာ အရာအားလုံး ပြည့်လာနိုင်ပါ့မလဲ။ ဆုတောင်းမှုရဲ့ နောက်မှာ လက်တွေ့ကျတဲ့ လုပ်ရပ်ကလဲ လိုက်ပါပါမှ တောင်းဆုဆိုတာက ပြည့်လာနိုင်မယ် မဟုတ်လား။ ဒီတော့ ကမ္ဘာလောကခေတ်ကြီး ချမ်းမြေ့သာယာရှိနိုင်စေဖို့ ကိုယ်တတ်နိုင်တဲ့ဖက်ကနေ စွမ်းနိုင်သလောက် ပါဝင်ကူညီ လုပ် ကိုင်ပေးဖို့လိုတာပေ့ါ။ ကိုယ်က ဘာလုပ်ပေးနိုင်သလဲ။ ဘယ်အရာမှာ ကျွမ်းကျင်သလဲ။ အနည်းဆုံးတစ်ခုတော့ ရှိရမှာပေ့ါ။ လူသားတစ်ယောက်ပဲဟာ။

ကိုယ့်မှာနှစ်ပေါင်းများစွာလေ့လာဆည်းပူးထားတဲ့ အသိပညာတွေရှိတယ်။ ဒီအသိပညာတွေကို အရင်းပြုလို့ ကိုယ် လုပ်နိုင်တာကို လုပ်ပေ့ါ။ နောက်ပြီး ကိုယ်လေ့လာသိမှတ်ထားတာတွေကို အခြားသူများကိုလည်း လက်ဆင့်ကမ်းဖြန့် ဝေပေ့ါ။ ကိုယ်က အပြောမှာ အားသန်သလား။ ဟင့်အင်း။သိပ်ပြီး စကားများများ မပြောချင်ပါဘူး။ စကားပြောလည်း မကောင်းဘူး။ ကိုယ်ကာယခွန်အားကိုရင်းကာ တခုခုလုပ်ပေးနိုင်မလား။ ဒါကလဲ နေရာတိုင်းအတွက် သင့်မယ်မထင် ဘူး။ ဒါဆို ရေးနိုင်မလား။ ရေးတတ်သလား။ ဒါဖြစ်နိုင်တယ်။ ကိုယ်ရေးသမျှကို သည်းခံဖတ်ကြသူတွေရှိတယ်။ သူတို့ကံကောင်းတာပေ့ါ။

နောက်ပြီးလည်း ကိုယ့်ရေးသားမှုတွေက သူတို့အတွက် အသုံးဝင်တယ်၊ ဆက်ရေးပါလို့ အားပေးသူတွေလည်း တော်တော်များများရှိတယ်။ ဒါဆို မဆိုးဘူး။ ကိုယ် ဒီဘက်မှာ လုပ်လို့ရနိုင်မယ်။ ဒါဆိုလုပ်ပေ့ါ။ ခုလဲ ရေးနေတာပဲ မဟုတ် လား။ ဟုတ်တယ်။ ဒါပေမယ့် နည်းနေသေးတယ်။ နောက်ပြီး ကိုယ်သိထားသမျှရဲ့ တကယ့်အနည်းငယ်မျှသော ရာ ခိုင်နှုန်းလေးလောက်သာ ရေးနေခြင်းဖြစ်တယ်။ ဒါဆို သူများတွေကို ကူညီလိုလျှင် များများရေးပေ့ါ။ အချိန်ပဲ ပေးရ တာလေးများ။

ရေးနေတာပဲရှိတယ်။ လက်တွေ့ဖြင့် မလုပ်ဘူးလို့ တစ်ယောက်က ပြောပါပြီတဲ့။ ဒါဆို ကိုယ်ကသူ့ကို ဘယ်လိုနား လည်အောင် ရှင်းပြနိုင်မလဲ။ အော် ဒါများလွယ်လွယ်လေး။ အဲဒီလို ရေးနေတာကိုက လက်တွေ့လုပ်နေတာပဲလေ။

စာရေးသူက စာရေးတဲ့အလုပ်ကို လုပ်နေတာဟာ သူ့အလုပ်သူ လက်တွေ့လုပ်နေတာပဲပေ့ါ။ ကိုယ့်ဟာကို ခုလိုပြန်ထောက်ခံချက်ပေးလိုက်တော့လဲ ဟုတ်သလိုရှိသား။ နိပ်ဟ။

တကယ်တော့ အများအကျိုးကို များများလုပ်နိုင်ဖို့ဆို ရာထူးအာဏာရင်လည်းရှိမှ။ဒါမှမဟုတ် စည်းစိမ်ဥစ္စာရင်လည်းပေါမှ။ သို့မဟုတ်ရင်လည်း ထင်ပေါ်ကျော်ကြား လူသိများမှ။ ကိုယ့်ဆီမှာ အဲဒီအချက်တွေထဲက တချက်မှ ရှိမနေဘူး။ ဆိုတော့၊ စဉ်းစားစမ်း၊ စဉ်းစားစမ်း။ ကိုယ်ပေးနိုင်တာ ဘာများကိုယ့်ဆီမှာ များများရှိနေသလဲ။ ဟင်း။ မေ့နေလိုက်တာ။ ကိုယ့်မှာ ထားစရာမရှိလောက်အောင်ကိုပဲ ပိုလျှံများပြားနေတဲ့ အကြင်နာတွေ၊ မေတ္တာတွေ ရှိနေတာပဲဟာ။ ဒါတွေကို မျှဝေပေးလို့ ရနိုင်တာပဲ။ နောက်ပြီး ဒီအရာတွေဆိုတာကလည်း ပေးလို့လျော့သွားတာမျိုး မဟုတ်သလိုချိန်ခါမရွေး တိုးပွားလာအောင် ပျိုးထောင်စိုက်ပျိုးလို့ ရနိုင်တာမျိုးပဲဟာကို။ ပေးလိုက်ပဲ့၊ ဖြန့်လိုက်ပဲ့၊ အားရပါးရ။ လိုအပ်သမျှ။

တို့တွေ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနာကြီးတွေကို မလုပ်နိုင်ပေမယ့် သေးငယ်တဲ့အရာတွေကို ကြီးကျယ်ခမ်းနားတဲ့ အကြင်နာမေတ္တာနဲ့တော့ လုပ်နိုင်ပါတယ်–တဲ့။ ဘယ်လောက် မှတ်သားလိုက်နာဖို့ ကောင်းတဲ့စကားလဲ။

ကိုင်းစာဖတ်သူ ၊ သင်(မင်း)က ဖေဖော်ဝါရီလ မွေးလား။ ဒါဆို ဒီစာက သင့်(မင်း)အတွက် အမှတ်တရ မွေးနေ့လက်ဆောင်။ သင်(မင်း)က အခြားလတွေမှာ မွေးသူလား။ ဒါဆို ဒီစာက သင့်(မင်း)အတွက် လူတွေသတ်မှတ်တဲ့ မွေးနေ့အစား၊ စက္ကန့်မလပ် တရစပ်ဖြစ်ပျက်နေတဲ့ သဘာဝတရားတွေရဲ့ မွေးစဉ်ကို ယူပြီး သင့်(မင်း) မွေးနေ့လို့ပဲ သတ်မှတ်လိုက်ပေ့ါ။ ဒါမှမဟုတ်လည်း မွေးနေ့ရှင် ကိုယ့်ရဲ့ညှော်ခံစာလို့ မှတ်လိုက်ပေ့ါ။ သင့်ရဲ့အချိန်တိုင်းမှာ ပျော်ရွှင်ချမ်းမြေ့ခြင်းသာ အတိဖြစ်ပါစေပေ့ါ။ ဘယ်လောက်ကောင်းသွားလဲ။ သိတယ်လေ။ အကြင်နာဆိုတာ လူသားတိုင်းနဲ့ တန်တဲ့အရာ။ မေတ္တာဆိုတာ လူသားတိုင်းအဖို့ အသုံးဝင်တဲ့အရာ။ လူသားတိုင်း လူသားတိုင်း ပျော်ရွှင်ချမ်းမြေ့မှုကို တမ်းတခုံမင်တတ်တာ။ ဒါမျှော်လင့်ကောင်းတဲ့ အလိုဆန္ဒပဲဟာ။ ဒါကြောင့် အစဉ်ထာဝရ ပျော်ရွှင်နိုင်ပါစေကြောင်း အမှတ်ရတိုင်း အားလုံးအတွက် ကိုယ်က ဆုတောင်းပေးနေမှာ။ ရေးနိုင်သမျှလည်း ရေးနေမှာ။ လုပ်နိုင်မျှလည်း လုပ်ပေးနေဦးမှာ။ နောင် နှစ်ပေါင်းများစွာ ရှည်ကြာကြာ။ ။